၂၀၂၀ အတွင်း မဲပေးခြင်း

မဲပေးဖို့အတွက် ဘယ်လို မှတ်ပုံတင်ရမှာလဲ၊ နောက်ဆုံးပိတ်ရက်ကဘယ်တော့လဲ

မဲပေးဖို့အတွက် အခုအချိန်မှစ၍ နိုဝင်ဘာလ (၃) ရက်နေ့အထိ စာရင်းသွင်းထားနိုင်ပါသည်။ စရင်းသွင်းရန်ရွေးခြယ်စရာ နည်းလမ်းအချို့၊

- အွန်းလိုင်း အင်တာနက်ပေါ်– olvr.vermont.gov/
- စာရွက်နဲ့ဆိုရင် ဒီအင်တာနက် စာမျက်နှာကိုသွားပါ ဖောင်ဖြည့်ပါ – sos.vermont.gov/media/nesb43yw/2017-voter-app.pdf ပြီးရင်149Church Street, Burlington, VT 05401 ရှိတဲ့ ဘာလင်ထန် မြို့ဝန်ရုံးတွင် လူကိုတိုင် သွားပို့နိုင်ပါသည်။
- လူကိုယ်တိုင်ဆိုရင်– 149Church Street, Burlington, VT 05401 ရှိတဲ့ ဘာလင်ထန် မြို့ဝန်ရုံးတွင် တနလာ်နေ့တိုင်း နံက် ၈း၀၀ နာရီမှ နေ့လယ် ၁း၃၀ အထိဖြစ်ပြီး ဗုဒ္ဓဟူးနေ့ ဆိုရင် နေ့လယ် ၁း၀၀ နာရီမှ ညနေ ၄း၃၀ အထိ 149Church Street, Burlington, VT 05401 ရှိတဲ့ ဘာလင်ထန် မြို့ဝန်ရုံးတွင် လူကိုတိုင်မဲပေးနိုင်ပါသည်။
- ရွေးကောက်ပွဲနေ့ဆိုရင်တော့– သင့်ရဲ့မဲရုံများတွင် မဲပေးနိုင်ပါသည်။

အကယ်၍ သင်ဟာ ပထမဆုံး အကြိမ် ဘားမောက်ပြည်နယ်တွင် အွန်လိုင်း (သို့) စာတိုက်ပုံးမှ တဆင့် မဲပေးမည်ဆိုပါက သင့်ရဲ့ ခါတ်ပုံပါသည့် မှတ်ပုံတင် ကဒ်ပြားတခုခု ကိုမိတ်တူကူး ပို့ပေးရမည်ဖြစ်ပါသည်။ ဥပမာ–

- သက်တန်းရှိ ယာဉ်မောင်းလိုင်စင် (သို့) နိုင်ငံကူးမှတ်ပုံတင်
- ရေခ၊ မီးခဆောင်ထား သောဖြတ်ပိုင်းများ
- ဘဏ် စာရွက်
- အစိုးရဆီမှ စာရွက်တခုခု

မဲပေးဖို့အတွက် စရင်းသွင်းထားပြီးသား ဆိုတာ ကျနော်ဘယ်လိုသိရမလဲ

ဘားမောက်ပြည်နယ်ရဲ့ အထွေထွေအတွင်းရေးမှူးရဲ့ အင်တာနက်စာမျက်နှာဖြစ်တဲ့ mvp.vermont.gov မဲပေးသူများရဲ့ အမည်စရင်းကိုစစ်ပါ။ အကယ်၍ သင်ဟာ စရင်းသွင်းထားပြီးဖြစ်ပါက သင်ဘယ်နေရတွင် မဲပေးရမည်ဆိုသည်ကို လမ်းညွှန်တွေ့ရှိပါလိမ့်မည်။ အကယ်၍ သင့်ရဲ့အမည်စရင်းမရှိပါက အထက်ပါ ဖော်ပြထားသည့်အတိုင်း ကြိုတင်စရင်းသွင်းနိုင်ပါသည်။ သို့မဟုတ် ရွေးကောက်ပွဲနေ့တွင် မဲပေးသည့်နေရာတွင် စရင်းသွင်းနိုင်ပါသည်။

ရွေးကောက်နေ့က ဘယ်တော့လဲ

ရွေးကောက်ပွဲနေ့သည် နိုဝင်ဘာလ (၃) ရက်နေ့ အင်္ဂါနေ့ဖြစ်ပြီ နံက် (၇) နာရီမှ ညနေ (၇) နာရီအထိဖြစ်ပါသည်။

ကျနော်ဘယ်လိုမဲပေးရမလဲ

- သင့်ရဲ့မဲ လက်မှတ်ကို မြို့ဝန်ရုံးသို့ပို့ပါ
- ယာယီလုပ်ထားသော မဲပုံးများတွင် မိမိကိုတိုင် သွားထည့်ခြင်း (ယာယီမဲပုံးများ၏ နေရာများကိုတော့ အောက်ပါစာမျက်နှာတွင် တွေ့နိုင်ပါသည်။
- ရွေးကောက်ပွဲနေ့တွင

ဒီနှစ် ဘားမောက်ပြည်နယ်တွင် မဲပေးရန် စာရင်းသွင်းထားသူတိုင်းကို ကြိုတင်မဲ လက်မှတ်များ ပို့ထားပြီး သားဖြစ်ပါသည်။ ကြိုတင်မဲပေးဖို့ကိုလည်း အားပေးပါသည်။ သို့မဟုတ် ရွေးကောက်ပွဲနေ့တွင်လဲ မဲပေးနိုင်ပါသည်။ အကယ်၍ သင့်ဟာ စရင်းသွင်းထားသော်လဲ ကြိုတင်မဲလက်မှတ် မရပါက (၈၀၂) ၈၆၅–၇၀၀၀) သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အထွေထွေရွေးကောက်ပွဲ ကြိုတင်မဲလက်မှတ်များ မည်သို့ပြန်ပို့ရမည် လမ်းညွှန်

၁၊ သင့်ရဲ့မဲလက်မှတ်တွင် မဲပေးပါ၊ မဲလက်မှတ်ရဲ့ စာမျက်နှာအပေါ်တွင် ဖော်ပြထားသည့် လမ်းညွှန်အတိုင်း သင်ရွေးချယ်ပါ။ အက်ယ၍ သင့်ဟာ ဘာသာပြန်ထားသည့် မဲလက်မှတ်ကို ကြည့်ပြီးဖြေဆိုပါက သင့်ရဲ့ အရွေးချယ်မှုအဖြေပိုတော့ အင်္ဂလိပ် စာနှင့်ရေးထား သည့်မဲလက်မှတ်တွင် ဖြည့်စွက်ပါ။ ဒါမှမဟုတ်ရင် ပယ်မဲဖြစ်သွားပါလိမ့်မည်။

၂၊ သင့်ရဲ့ ရွေးချယ် ဖြည့်စွက်ထားပြီးသော မဲလက်မှတ်ကို စာအိပ်ထဲတွင်ထည့်ပါ၊

၃၊ စာအိပ်ရဲ့ အရှေ့ဘက်တွင် သင့်ရဲ့ အမည် နှင့် မြို့ရဲ့အမည်ကိုပါ ဖြည့်စွက်ပါ။ စာအိပ်ပေါ်တွင် လက်မှတ်ထိုးပါ (သို့) ပယ်မဲဖြစ်သွားပါလိမ့်မည်။

၄၊ မဲလက်မှတ်တွင် လက်မှတ်ထိုးပါ၊ စာအိပ်ပေါ်တွင်လဲ လက်မှတ်ထိုးပါ (သို့) ပယ်မဲဖြစ်သွားပါလိမ့်မည်။

၅၊ မဲလက်မှတ်စရင်းများအားလုံးကို စာအိပ်ထဲတွင်ထည့်ပြီး စာအိပ်ကိုပြန်ပိတ်ပါ။

၆၊ ကြိုတင် တံဆိပ်ခေါင်းဖိုးပေးထားပြီး၊ ပြန်ပို့ရန်လိပ်စာလဲ ဖြည့်စွက်ထားပြီးသား စာအိပ်တွင် သင့်ရဲ့မဲလက်မှတ်များကို ပြန်ထည့်ပါ၊ သင့်ရဲ့ လိပ်စာကိုတော့ ဘယ်ဘက်တောင့် စာအိပ်တွင်ဖြည့်စွက်နိုင်ပါသည်။

၇၊ သင့်ရဲ့မဲလက်မှတ်ကို စာတိုက်ပုံး၊ ယာယီမဲပုံး ပြန်ပို့နိုင်သလို မြို့ဝန်ရုံးတွင်လဲ တနလာ်နေ့ နံနက် (၈) နာရီမှ (၁၂း၃၀) နာရီအထိ ဗုဒ္ဓဟူးနေ နေ့လည် (၁) ရီမှ (၄း၃၀) အထိ လာပို့နိုင်သလို ရွေးကောက်ပွဲနေ့တွင်လည်း မဲပေးသည့်နေရာသို့ ယူဆောင်လာနိုင်ပါသည်။

၈၊ အကယ်၍ စာတိုက်ပုံးမှပို့ပါက ၇ ရက်မှ ၁၀ ရက်အထိ ကြိုပြီးပို့ပေးပါ။ ကြိုတင်မဲပေးလိုပြီး နိုဝင်ဘာလ ၃ ရက်နေ့ရောက်ဖို့ ၁၀ ရက်တောင်မရှိတော့ပါက မိမိကိုယ်တိုင်မဲလက်မှတ်များကို ယူလာပေးဖို့ အားပေးလိုပါသည်။

လူကိုယ်တိုင် မဲပေးနည်း လမ်းညွှန်

၁၊မဲပေးသည့်နေရာသို့ရောက်လာပြီး တန်းစီပါ။ အကယ်၍ ကြိုတင်ဖြည့်စွက်ထားသောမဲလက်မှတ်များရှိပါက ယူလာခဲ့ပါ။ သာမန်အားဖြင့် စောင့်ရဒါမကြာသော်လည်း သမ္မတရွေးကောက်ပွဲနေ့တွင်တော့ ကြာတတ်ပါသည်။လူကိုယ်တိုင်မဲလာပေးပါက နာခေါင်းပိတ်များ ဝတ်လာရမည်ဖြစ်ပြီး မရှိပါက သင့်အားမဲပေးသည့်နေရာတွင်ပေးပါလိမ့်မည်။ အကယ်၍ မဲပေးသည့်

အချိန်တွင် အကူအညီလိုပါက သင်ယုံကြည်ရသူတဦးဦးကို ခေါ်ခဲ့နိုင်ပါသည်။

၂။ မဲပေးစားပွဲသို့ရောက်လာပါက သင့်ရဲ့အမည်ကို ရှင်းလင်းစွာ ပြောပြပါ။ ရွေးကောက်ပွဲဝန်ထမ်းများအား သင့်၏ ပထမနာမည် သို့မဟုတ် နောက်ဆုံးနာမည်ကို ပြောပါ။ အကယ်၍ သင့်၏နာမည်ကို ရွေးကောက်ပွဲဝန်ထမ်းများက မတွေ့ပါက သင့်အား တခြားစားပွဲသို့ ပို့ပေးပြီး သင့်အားမဲပေးနိုင်ရန် စာရင်းသွင်းပေးပါလိမ့်မည်။ အကယ်၍ သင်ဟာ ကြိုတင်မဲလက်မှတ်မရထားပါက ၂၀၂၀ ရွေးကောက်ပွဲတွင် သင်မဲမပေးသေးကြောင်း ဝန်ခံလက်မှတ်ထိုးခိုင်းလိမ့်မည်။

၃။ သင်၏မဲလက်မှတ်ကို မဲပုံးသို့ယူဆောင်လာပါ။ အကယ်၍လိုအပ်ပါက ဘာသာပြန်ထားသော စာမျက်နှာကို ကြည့်ပါ။ https://www.burlingtonvt.gov/ct/language-support) အဖြေများကို အင်္ဂလိပ်ဘာသာ မဲလက်မှတ်တွင်သာ ဖြည့်စွက်ပါ။ ဘာသာပြန်ထားသောမဲလက်များကို လက်မခံပါ။

၄။ အားလုံးရွေးချယ်ဖြေဆိုပြီးရင်တော့ မဲပုံးများထဲသို့ ထည့်နိုင်ပါသည်။ အကူအညီလိုပါက ဝန်ထမ်းတစ်ဦးဦးမှ ကူညီပါလိမ့်မည်။ အားလုံးပြီးဆုံးသွားပါက အိမ်ပြန်နိုင်ပါပြီ။

အောက်ဖော်ပြပါ Youtube အင်္ဂလိပ်ဘာသာ၊ ဆိုမားနီးယား၊ ဆွီဒင်၊ နီပေါ၊ ပြင်သစ်၊ မြန်မာဘာသာနှင့် အာရဗာစ်ဘာသာတို့ဖြင့်ကြည့်ရှုနိုင်ပါသည်။

www.youtube.com/channel/UCdy2e0EwW59oMye-Odnh3rQ/featured/

မဲလက်မှတ်ကို မည်သည့်နေရာတွင် ပေးပို့နိုင်သနည်း။

- မြို့ဝန်ရုံးတွင် တနလ်ာနေ့ (၈) နာရီမှ ၁၂း၃၀ အထိ ဗုဒ္ဓဟူးနေ့ နေ့လည် (၁း၀၀) နာရီမှ ညနေ(၄း၃၀) ထိ
- ရွေးကောက်ပွဲနေ့ မဲပေးသည့်နေရာများ
- ယာရီမဲပုံးများ
    - City Hall, 149 Church Street
    - Department of Public Works, 645 Pine Street
    - Fire Station #2, 132 North Avenue

ကျွန်တော်၏ မဲစာရင်းဝင်မဝင်မည်သို့သိနိုင်မည်နည်း

မိမိပေးထားသောမဲအား ဤအင်တာနက်စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ mvp.vermont.gov/

ကျနော့် မဲလက်မှတ်ကို ဘယ်နေ့နောက်ဆုံးထားပြီး ပြန်ပို့ရမည်နည်း

- မြို့ဝန်ရုံး နိုဝင်ဘာလ ၂ရက် တနလာ်နေ့ နေ့လည် ၁၂း၃၀ နောက်ဆုံး
- ယာယီမဲပုံးများ နိုဝင်ဘာလ ၂ ရက် တနလာ်နေ့ ညနေ ၄း၃၀ နောက်ဆုံး
- ရွေးကောက်ပွဲနေ့ နိုဝင်ဘာလ ၃ ရက် အင်္ဂါနေ့ ဂၢဝဝနောက်ဆုံး

ရွေးကောက်ပွဲနေ့ မည်သည့်နေရာများတွင်မဲပေးနိုင်ပါသနည်း။

သင်၏ လိပ်စာကို ဤအင်တာနက်စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုပြီး မည်သည့်ရပ်ကွက်တွင် မဲပေးနိုင်သည်ကို ကြည့်ရှုနိုင်ပါသည်။ ဘာလင်တန်မြို့တွင် မဲပေးသည့်နေရာများကတော့ အောက်ပါအတိုင်း ဖြစ်သည်။

Ward 1

Mater Christi School
100 Mansfield Avenue

Ward 2

Integrated Arts Academy at H. O. Wheeler School
6 Archibald Street

Ward 3

Lawrence Barnes Elementary School
123 North Street

Ward 4

Saint Mark's Youth Center
1271 North Avenue

Ward 5

Burlington Electric Department
585 Pine Street

Ward 6

Edmunds Middle School
275 Main Street

Ward 7

Robert Miller Community & Recreation Center
130 Gosse Court

Ward 8

Fletcher Free Library
235 College Street

အချက်အလက်များကို ပိုမိုသိလိုပါက အောက်ပါရုံးချုပ်လိပ်စာ (သို့) အင်တာနက်စာမျက်နှာများတွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

149 Church Street
Burlington, VT 05401
(802) 865-7000
www.burlingtonvt.gov/CT/Elections
https://www.burlingtonvt.gov/ct/language-support

Vermont Election Information:

https://sos.vermont.gov/elections/election-info-resources/


City Council
Wards and Districts
Burlington, Vermont
Effective March 3, 2015
Wards:
1
2
3
4
5
6
7
8
District Boundary
Voting Location
Derway Island
COLCHESTER
STARR FARM RD
NORTH
STANIFORD RD
ETHAN ALLEN PKY
AVE
Leddy Park
Winooski River
Appletree Point
Appletree Bay
BHS
NORTH AVE
VT 127
Intervale
WINOOSKI
North Beach
Lone Rock Point
RIVERSIDE AVE
Gorge Island
NORTH ST
COLCHESTER AVE
PEARL ST
BATTERY ST
EAST AVE
UVM
MAIN ST
MAIN ST
MAPLE ST
Lake Champlain
Burlington Bay
PINE ST
ST PAUL ST
PROSPECT ST
SOUTH BURLINGTON
FLYNN AVE
Oakledge Park
SHELBURNE ST
HOME AVE
Juniper Island
Red Rocks Park
Burlington GIS